**ILO နှင့်မြန်မာအစိုးရတို့ လက်မှတ်ရေးထိုးခဲ့သည့် အဓမ္မခိုင်းစေမှုပပျောက်ရေး လုပ်ငန်းစီမံချက်တွင် လုပ်ငန်းစီမံချက်ပါလုပ်ငန်းစဉ်များ အကောင်အထည်ဖော်ရေးအတွက် အလုပ်သမားရေးရာပူးပေါင်းဆောင်ရွက်ရေးလုပ်ငန်းကော်မတီ (HLWG) ညှိနှိုင်းအစည်းအဝေး(၁/၂၀၁၈)ကျင်းပ**

နေပြည်တော် မေ ၊ ၂၃ ရက်

ILO နှင့် မြန်မာအစိုးရတို့ လက်မှတ်ရေးထိုးခဲ့သည့် အဓမ္မခိုင်းစေမှုပပျောက်ရေး လုပ်ငန်းစီမံချက်တွင် လုပ်ငန်းစီမံချက်ပါလုပ်ငန်းစဉ်များ အကောင်အထည်ဖော်ရေးအတွက် အလုပ်သမားရေးရာပူးပေါင်းဆောင်ရွက်ရေးလုပ်ငန်းကော်မတီ ညှိနှိုင်းအစည်းအဝေး(၁/၂၀၁၈)ကို ၂၀၁၈ ခုနှစ် မေလ ၂၃ ရက်နေ့ နံနက် ၁၀ ၀၀ နာရီတွင် နေပြည်တော်ရှိ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန အစည်းအဝေးခန်းမ တွင်ကျင်းပသည်။

အဆိုပါညှိနှိုင်းအစည်းအဝေးပွဲသို့ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေ နှင့်အတူ ကော်မတီအဖွဲ့ဝင် ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်စိုး နှင့်ကော်မတီဝင်များဖြစ်ကြသည့် သက်ဆိုင်ရာဝန်ကြီးဌာနများမှ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များနှင့်တာဝန်ရှိသူများ၊ အိုင်အယ်လ်အိုရန်ကုန်ရုံးမှ အိုင်အယ်လိုဆက်သွယ်ရေးအရာရှိ Mr. Rory Mungoven တို့တက်ရောက်ခဲ့ကြပါသည်။

ညှိနှိုင်းအစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီးမှ အမှာစကားပြောကြားရာ၌ အလုပ်သမားရေးရာပူးပေါင်းဆောင်ရွက်ရေးလုပ်ငန်းကော်မတီကို ၂၀၁၆ ခုနှစ်၊ ဒီဇင်ဘာလမှာ ဝန်ကြီးဌာန ၁၀ ခုမှကိုယ်စားလှယ် ၂၂ ဦးဖြင့် အဆင့်မြင့်လုပ်ငန်းအဖွဲ့ (High Level Working Group- HLWG) အဖြစ်ဖွဲ့စည်းခဲ့ပြီး အဆိုပါကော်မတီကို အဓမ္မခိုင်းစေမှုပပျောက်ရေးအပါအဝင်ကလေးအလုပ်သမားပပျောက်ရေး၊ အလုပ်သမားအဖွဲ့အစည်းများ လွတ်လပ်စွာဖွဲ့စည်းခြင်းကို အထောက်အကူပြုရေး၊ ဘေးကင်းလုံခြုံသော အလုပ်သမားရွှေ့ပြောင်းသွားလာခြင်းကိုတိုးမြှင့်ဆောင်ရွက်ရေး၊အလုပ်သမားဈေးကွက်ဖွံ့ဖြိုးတိုးတက်ရေး၊ အသေးစားနှင့်အလတ်စားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေးကို အထောက်အကူပြုရေး၊ တာဝန်ယူမှုရှိသောစီးပွားရေးလုပ်ငန်းများဖွံ့ဖြိုးတိုးတက်စေရေး၊ လူမှုဖူလုံရေးအပါအဝင် လူမှုအကာအကွယ်ပေးရေး၊ အလုပ်ရှင်များ၏ စွမ်းဆောင်ရည် အားကောင်းလာစေရေး အကောင်အထည်ဖော်ရန်သည့်လုပ်ငန်းတာဝန်များ သတ်မှတ်ပေးခဲ့ပါကြောင်း။

အဆိုပါ HLWG အဖွဲ့၏ လုပ်ငန်းတာဝန်များအနက် အဓမ္မခိုင်းစေမှုပပျောက်ရေးလုပ်ငန်းစီမံချက်ပေါ်ထွက်လာစေရန် အဖွဲ့ဝင်များ၏ သီးသန့်အစည်းအဝေး (၃) ကြိမ်၊ အိုင်အယ်လ်အိုရန်ကုန်တို့(၃)ကြိမ်၊ အဖွဲ့ဝင်များဖြစ်သည့် ကာကွယ်ရေးဝန်ကြီးဌာန၊ ပြည်ထဲရေးဝန်ကြီးဌာန၊ နိုင်ငံခြားရေးဝန်ကြီးဌာနတို့မှ တာဝန်ရှိသူများနှင့် အိုင်အယ်လ်အိုရန်ကုန်တို့ (၃)ကြိမ်၊ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနနှင့် အိုင်အယ်လ်အိုရန်ကုန် တို့ (၁၀) ကြိမ် အသီးသီးတွေ့ဆုံဆွေးနွေးခဲ့ပြီးဖြစ်ပါကြောင်း။

ထိုသို့ဆွေးနွေးခဲ့ပြီး ၂၂-၁-၂၀၁၈ ရက်နေ့တွင် အဓမ္မခိုင်းစေမှုပပျောက်ရေးလုပ်ငန်းစီမံချက် (၂၀၁၈) အကောင်အထည်ဖော်ရေး နားလည်မှုစာချွန်လွှာ (MoU)နှင့်အတူ အဓမ္မခိုင်းစေမှုပပျောက်ရေးနောက်ဆက်တွဲစာချွန်လွှာ(SU) ကို ၃၁-၁၂-၂၀၁၈ အထိ သက်တမ်းတိုးလက်မှတ်ရေးထိုးခဲ့ပြီး အဆိုပါ HLWG နှင့်အိုင်အယ်လ်အိုတို့ ပူးပေါင်းရေးဆွဲခဲ့သည့် အဓမ္မခိုင်းစေမှုပပျောက်ရေးလုပ်ငန်းစီမံချက်ကို အလုပ်သမားရေးရာပူးပေါင်းဆောင်ရွက်ရေးကော်မတီအဖွဲ့ဝင်များ အားလုံးထံ ဖြန့်ဝေပြီးဖြစ်ပါကြောင်း။

သို့ဖြစ်ပါ၍အဓမ္မခိုင်းစေမှုပပျောက်ရေး Action Plan တွင် ဦးစားပေးနယ်ပယ် ၄ ခု ပါရှိပြီးဆောင်ရွက်မည့်လုပ်ငန်းစဉ် ၂၄ ခု ပါဝင်တာကြောင့် စတင်အကောင် အထည်ဖော်မည့် အသိပညာပေးခြင်း၊ လေ့ကျင့်သင်တန်းပေးခြင်း ဦးစားပေးလုပ်ငန်းစဉ်များနှင့်ပတ်သက်ပြီး ယနေ့ အစည်းအဝေးတွင် ပွင့်ပွင့်လင်းလင်း အလေးထား ဆွေးနွေးအကြံပြုကြစေလိုကြောင်းပြောကြား ခဲ့သည်။

ထို့နောက်တက်ရောက်လာသော ကိုယ်စားလှယ်များမှ အဓမ္မခိုင်းစေမှုပပျောက်ရေးလုပ်ငန်းစီမံချက်တွင်ပါဝင်သောအချက်များတွင် စတင်အကောင်အထည်ဖော် ဆောင်ရွက်ရမည့်အချက်များ ဦးစားပေးလုပ်ငန်းစဉ်များနှင့်ပတ်သက်၍ ဝိုင်းဝန်းအကြံပြု ဆွေးနွေးခဲ့ကြပြီး အစည်းအဝေးကို နေ့လည် ၁၃:၃၀ နာရီ တွင် ရုပ်သိမ်းခဲ့ကြောင်းသတင်းရရှိပါသည်။